မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# နဝမအကြိမ်မြောက် ညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်၏ နဝမကြိမ်မြောက်ညီလာခံကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက် မှ (၁၉) ရက်ထိ (၃) ရက်တာ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ် တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ မြန်မာနိုင်ငံကျောင်းသား လူငယ်များ ကွန်ဂရက် အဖွဲ့ဝင်အဖွဲ့အစည်း(၁၁)ဖွဲ့မှ ညီလာခံကိုယ်စားလှယ်များနှင့် လေ့လာသူအပါအဝင် စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြပါသည်။

၂။ ဤညီလာခံတွင် စစ်မှန်သော ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ ကျောင်းသားလူငယ်အင်အားစုများအကြား နားလည်မှု၊ ယုံကြည်မှုနှင့် သွေးစည်းညီညွတ်မှုရရှိရေး၊ ပြည်တွင်းငြိမ်းချမ်းရေး စသည့် ဦးတည်ချက်များ နှင့်အတူ ကွန်ဂရက်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ဖြည့်စွက်ခြင်း နှင့် မဟာဗျူဟာ ရေးဆွဲ ချမှတ်ခြင်းများကို လုပ်ဆောင်နိုင်ခဲ့သည်။ ဤမူဝါဒနှင့် လုပ်ငန်းစဉ်များကို ထိရောက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘာပတိ အဖွဲ့ဝင် (၁၁) ဦး နှင့် အတွင်းရေးမှူး အဖွဲ့ဝင် (၃) ဦး ကို ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။

၃။ ညီလာခံအတွင်း နိုင်ငံရေးအခြေအနေကို သုံးသပ်ရာ လက်ရှိမြန်မာ့နိုင်ငံရေးအပြောင်းအလဲတွင် ပြည်သူအများ ရွေးကောက်တင်မြှောက်ထားသည့် အစိုးရနှင့် လွှတ်တော်ရှိပြီ ဖြစ်သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရသာ လုပ်ဆောင်ရသဖြင့် အကန့်အသတ်များစွာရှိနေပြီး တပ်မတော်သည်သာ အာဏာအများဆုံး ချုပ်ကိုင်ထားဆဲ ဖြစ်ကြောင်း တွေ့ရှိရသည်။

၄။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင့် သမ္မတ ဦးထင်ကျော် တို့မှ ရွေးကောက်ပွဲမဲဆွဲစည်းရုံး စဉ် အခြေခံဥပဒေပြင်ဆင်ရေးကို အဓိကထား ပြောဆိုခဲ့သည်။ သို့သော် လက်တွေ့တွင် တတပ်တအား ကြိုးပမ်းဆောင်ရွက်မှုကို မတွေ့ရှိရသေးပေ။ ထို့ကြောင့် အစိုးရ နှင့် လွှတ်တော်မှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြန်ဆုံးပြင်ဆင်နိုင်ရန် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း ရှုမြင်သုံးသပ်ပါသည်။

၅။ ယနေ့ကာလတွင် ခိုင်မာသော အပစ်အခတ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားလူငယ်များ၏ အခြေခံအခွင့်အရေး ရပိုင်ခွင့်လှုပ်ရှားမှုများကို အခြေပြုစုစည်း၍ နိုင်ငံရေးအရ ဦးဆောင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်း

အတူတကွ ရှာဖွေဖော်ထုတ်ရန် လိုအပ်နေပေသည်။ ထို့အတူ သက်ဆိုင်ရာ အင်အားစုများ အားလုံးပါဝင်သည့် ၂၁ ရာစု ပင်လုံညီလာခံကဲ့သို့သော အနှစ်သာရပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲကြီးမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးဆိုင်ရာ ဘုံသဘောတူညီချက်များ ချမှတ်နိုင်မှသာလျှင် အားလုံးရင်ဆိုင်နေရသည့် နိုင်ငံရေးအကြပ်အတည်းကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။

အတွင်းရေးမှူးအဖွဲ့ဝင် ၃ ဦးမှာ -

၁။ စောဂျက်ပစီ - အထွေထွေအတွင်းရေးမှူး

၂။ မဆုမွန်အေး - တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)

၃။ ဆေးဝင် - တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) တို့ ဖြစ်ပါသည်။

**"စစ်မှန်သည့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ် ပေါက်ရေး"**

**မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်**

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်။

ဆက်သွယ်ရန် -

၁။ မိုင်းဆါည်ရုံက် (သဘာပတိအဖွဲ့ဝင်) (+95)9263011076 (မြန်မာ)

၂။ စောဂျက်ပစီ (အထွေထွေအတွင်းရေးမှူး) (+95)9771371109 (မြန်မာ) (+66)639364221(ထိုင်း)